


၁။ ဒုတ်ခဆင်းရဲဖြစ်တည်လာပို ကြောနကျိုး

**ဘုရားရှင်**ဟ စကြဝဠာန ဘာမလေဂီးပို ငါးရစ်တွမ်းထဲ မလေမူဒွေဟနေတဆင့် ဘာပေါ်မှာရှေ့ပို သက်ရှေ့ဒွေပို ဖန်ဆင်းခဲ့ရယ်။ ခြော့ရစ်မြော့နေ့မှာ **ဘုရားရှ**င်ဟ ပထမဦးဆုံး လက်ထပ်ထီးမြားခြင်းပို ပြုလုပ်ပေးခဲ့ရယ်။ လူယော့ကျားပို အာဒံဆိုပီး ခေါ်စေပြီး ပထမဦးဆုံး လူမျိုးမီးဟလော ဧဝဆိုပီး ခေါ်စေခဲ့ရယ်။ **ဘုရားရှင**်ဟ အာဒံန ဧဝ ဇနီးမော်နံ့ပို ဘာပေါ်မှာ လူသားမျိုးနွယ်ဒွေ ပလန့်ပွားပေးစေဝို့တွက် ဗျာဒိတ်တော်ပေးခဲ့ရယ်။ **ဘုရားရှင်**ဟ ဒေင်ဥယျာဉ် ထဲမှာ အာဒံနဧဝတွက် အဲမိုဥယျာဉ်မှာ သီးနံ့ဒွေ ပေါများဒဲ့ အသက်သစ်ပံ၊ ဉာဏ်ပညာ သစ်ပံဒွေမျိုး ပံဒွေရှေ့ခဲ့ရယ်။ လူယော့ကျားဟ သက်ရှင်နေထိုင်ဝို့ ရည်ရွယ်ချင့်န သတ္တဝါ ဒွေပို သတ်ဖြတ်စားသော့ဝို့ လိုလားခဲ့ရ။ အာဒံန ဧဝဟ ခြားသတ္တဝါဒွေမျိုး ရှစ်တရားပို နားမလည်သေးရိတွက် ဝတ်စားဒွေ ဝတ်ဆင်ဝို့လည်း မလိုအပ်ခဲ့ရ။ ညစ်နေခမ်း ရော့တိုင်း ဖန်ဆင်းရှင်ဘုရားဟ အာဒံ၊ ဧဝဒို့နတူ မိဆွေဒွေမျိုး ဂါးပြောရင်း လမ်းရှော့လေ့ရှေ့ရယ် ။ မွီဆိုဇာဟ လိဆန်ဒွေထဲမှာ ပါးနပ်ဆုံး သတ္တဝါဖြစ်ပေမယ့် အယ်မိုဗွီဟလော ကောဘဲပို**နတ်ဒေဝါ**ရဲ့ မွီဆိုးဖြစ်ရယ်။ တရစ်မှာ အဲမိုဗွီဟ ဧဝပို “ဘုရားရှင်ဟ အယ်မိုဥယျာဉ်ထဲမှာရှေ့ပို ပံဒိုင်းဟ သစ်သီးဒွေဂူလုံးပို စားခိုင်းရဆိုဇာဟ မှန်လော” ဆိုပီး မေးလိုက်ရယ်။ ဧဝဟ “နို့ဟ ဉာဏ်ပညာ သစ်ပံမှာရှေ့ပို သစ်သီးဟနေလွဲပီး ကျန်ဇာဂူလုံး စားရိုရရယ်။ **ဘုရားရှင်**ဟ အဲမိုပံဟ သစ်သီးပို စားဝို့န ထိပိုထိခိုင်းရ။ ဂယ်ရိ စားမယ်ဆိုဝါ နို့သေရလိမယ်”ဆိုပီး ပလန်ပြောခဲ့ရယ်။ အဲနော့ မွီဆိုးဟ “အယ်မိုဇာဟ

မှန်မုဝ။ နန်းနို့လဲသေငေ့ရရ။ ဘုရားဟ နန်းနို့ အဲမိုသီးဝို စားလိုက်ရယ်ဆိုဝါ **ဘုရားရှင်** မျိုးဘဲ့ သိဉာဏ်ပညာဒွေ ရဝါးမှာ စိုးရိရိတွက် တားမြစ်ထားဇာ ဖြစ်ရယ်” ဆိုပီး ပလန်ပြောလိုက်လေရယ်။ လူမျိုးမီးဟ လှပပြီး ရသာရှေ့ပုံပေါ်ဝို အဲမိုသီးဝို ကေ့ပီး “အယ်မိုသီးဝို စားလိုက်ရမယ်ဆိုဝါ အယ်မိုသီးဟ ငါ့ဝိုသိဉာဏ်ဒွေ ရစေမှာပဲ” ဆိုပီး သူစဉ်းစားလိုက်ရယ်။ အဲမိုနဘဲ့ သူမဟ အဲမိုသီးဝို ခူးယူစားသုံး လိုက်ရယ်။ အာဒံဝိုလည်း ကျွေးရယ်။ အာဒံဟလည်း စားလိုက်ရယ်။ ရုတ်တရစ်ဆိုမျိုးဘဲ့ သူ့နို့ဟ ဝတ်စားဒွေ ဝတ်ဆင်ထားဇာမှေ့ဘဲဇာဝို သိရှေ့ခံစားလိုက်ရရယ်။ သူ့နို့ဟ ရှစ်တရားဝို ကာကွယ်ဝို့တွက် ချင့်ချင်းဘဲ့ သစ်ဝက်ဒွေန ဖုံးကွယ်လိုက်ရယ်။ ညစ်နေခီရော့လာဝိုခါမှာ သူ့နို့ဟ ဘုရားလမ်းရှော့ဆင်းလာဝို သံဝို ကြားခဲ့ရယ်။ ရုတ်တရစ် သူ့နို့ဟ ကြော့လန့်ဇာဝို ခံစားမိပြီး ပံဒွေဂျားထဲမှာ ပူးနေငေ့ရရယ်။ “အာဒံ နန်ဟယ်မှာနူး”ဆိုပီး ဘုရားဟမေးရယ်။ အာဒံဟ သူပလန်ဖြေရမယ်ဆိုဇာဝို သိရိတွက် “**ဘုရားရှင်** ကျော်ဒို့ဟ ဘုရားရှင် လမ်းရှော့ဆင်းလာဇာဝို ကြားပါရယ်။ အယ်ဘေမယ့် ကျော်ဒို့ဟ ဗွီးရှောရှောဖြစ်နေရိတွက် ရှစ်ကြော့ပြီး ပူးနေရပါရယ်” ဆိုပီး ပလန်ဖြေလိုက်ရယ်။ “နန်းနို့ဝို ဗွီးရှောရှောဆိုပီး ဟယ်သူဟပြောနူး။ ငါတားမြစ်ထားဝို ပံဟသီးဝို နန်းနို့ စားလိုက်ဇာလော” ဆိုပီး ဘုရားဟမေးရယ်။ “ **ဘုရားရှင်** ဖန်ဆင်းပေးရားဝို လူမျိုးမီးဟ ကျော့်ဝို ကျွေးခဲ့ဇာပါ။ အဲမိုဇာဟ သူမရဲ့ပြစ်ပါ။ သူမ ကျွေးရိတွက် ကျော် အဲမိုသီးဝို စားလိုက်ရဇာ ဖြစ်ပါရယ်” ဆိုပီး အာဒံဟ ပလန်ဖြေရယ်။ ဘုရားဟ ဧဝို “နန့်ဟ ဟဲဖြစ်ရိ အဲမျိုးလုပ်ရနူး” ဆိုပီး မေးလိုက်ရယ်။ အဲမိုခါမှာ “အယ်မိုဇာဟ ဗွီရဲ့မှားပါ။ ဗွီဟ အဲမိုသီးဝို ကျွန်မ စားအော် လှည့်ဖြားရိတွက်ဖြစ်ရယ်” ဆိုပီး ဧဝဟ ပလန်ဖြေရယ်။ ဘုရားဟ  ဗွီဝို “နန်ဟ အယ်မိုဇာဝို လုပ်လိုက်ရိတွက် ခြား သတ္တဝါဒွေထက် ပြစ်ဒဏ် ပိုခံရမယ်။ ခုဟနေစပီး နန်ဟ ဝမ်းဖိုက်နဘဲ့ တွားသွားရမယ်။ လူသားဒွေန ဗွီဒွေဟ ချင်းချင်း မုးတီးငေ့ရမယ်။ ဗွီဟ လူရဲ့ခေထော့လော့ဘဲ့ ဒဏ်ရာရစေဝို ခီမှာဂိုမှ လူဒွေဟလော ဗွီဝို သေစဝိုထိ ရန်တုပလန်ဇာခံရမယ်” ဆိုပီး ပြောခဲ့ရယ်။ **ဘုရားရှင်**ဟ လူမျိုးမီးဝို “လူမျိုးမီးဟ မွီးဖွားခြင်း မှုဝို ပြုခါမှာ နာကျင်မှုဝို ခံစားရမယ်။ နန်ဟ လန်ယော့ကျားဝို သြဇာညော ရှင်ပေမယ့် လန်ယော့ကျားဟာဘဲ့ နန့်ပေါ်မှာ သြဇာညောလိမယ်။ ခုဟနေစပီး နန်ဟ လန်ယော့ကျားရဲ့ လိုအင် ဆန္ဒဒွေဝို ဖလှဲ့ဆည်းပေးရမယ်” ဆိုပီး ပြောခဲ့ရယ်။ **ဘုရားရှင်**ဟ အာဒံဝို “ အယ်နေ့ဟ နန့်ဝို အယ်မိုပံဟ သီးဝို မစားဝို့ သေချာတားမြစ်ခဲ့ရယ်။ နန်ဟ လိုက်နာခဲ့ရ။ ဘာမလေကီးဟ နန့်တွက်ဂျော့န ဒုက္ခဆင်းရဲ ခံစားရမယ်။ ခုဟနေစပီး နန်ဟ စားသော့ဒွေတွက် လုပ်လုပ်ရမယ်။ မလေကီးဟလော နန့်ဝို ဆန့်ကျင်မယ်။ မလေကီးဟနေ ဖြစ်ရိုင်းဒွေ၊ ခြုံနွယ်ဒွေ ထွက်လာမယ်။ နန်ဟ နန်ဖြစ်တည်လာဝို မလေမူဘဝဝို ပလန်မသွားခံ ခီထိ ချွေးဒွေန ပမ်ပန်းဆင်းရဲစွာ လုပ်လုပ်ရမယ်” ဆိုပီး ပြောခဲ့ရယ်။ **ဘုရားရှင်**ဟ လူယော့ကျားန လူမျိုးမီးဝို လိဆန်သားရေန ဝတ်စားဒွေ ဝတ်ဆင်ပေးခဲ့ရယ်။ ပြီးန သူ့နို့ဝို ဥယျာဉ်ထဲဟနေ နှံထုလိုက်ရယ်။ သူ့နို့ဟ ဥယျာဉ် ပလန်မှာလော စားသော့ စားရဝို့တွက် မလေကီးမှာ ထွန်ယစ် စိုက်ပျိုးငေ့ရရယ်။ ဘုရားရှင်ဟ စော့ရှော့ **နတ်ဒေဝါ** ဝို ဥယျာဉ်ပလန်ပဟနေ စော့ရှော့စေခဲ့ရယ်။ အဲမိုခီဟနေစပီး လူဒွေဟ အသက်သစ်ပံန  ခွဲခြားဇာခံလိုက်ရရယ်။




၂။ အနန္တ မေတ္တာရှင် **ကိုယ်တော် ယေရှု**ဝိုဖွားမြင်တော်မူခြင်း

လွန်ခဲ့ဝိုနှစ်ပေါ ၂၀၂၃ခုနှစ်၊ ဗုဒ္ဓဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး (၅၆၃)ခု ၊ အစ္စရေးတိုင်းပြည်မှာ မာရိလို့ဆိုပီးခေါ်ဝို မျိုးမီးတစ်ယောက်ဆီဝို **နတ်ဒေဝါ**တပါး ရောက်လာခဲ့ရယ်။ အစ္စရေးနိုင်ငံဟ နောင်တော် အာရှမှာတည်ရှေ့ရယ်။ အဲမိုခ်ီ အစ္စရေးမှာ ဥပဒေ စိုးမိုးဘဲန ရစ်ဆစ်ကြမ်းကြုတ်ဒွဲ ရောမအင်ပါယာရဲ့ စစ်တပ်ဟ အုပ်ချုပ်နေဝို ခ်ီဖြစ်ရယ်။ မာရိဟ ယောသပ်ဆိုပီးခေါ်ဝို လူတယောက်န စေ့စပ်ထားဇာဖြစ်ရယ်။ **နတ်ဒေဝါ**ဟ မာရိဝို “မာရိ၊ နန်ဟ **ဘုရားရှင်**ရဲ့ ကောချီးပေးဇာခံရပြီ”ဆိုပီး  ပြောခဲ့ရယ်။ မာရိဟ အံ့ဩပြီး ဆွံ့အနေရိတွက်ကျော့ ဟဲရာပြောရမယ်နူးဆိုဇာဝို သိဘဲဖြစ်နေရယ်။ “ကြောက်ပါန၊ နန်ဟ **ဘုရားရှင်**ရဲ့ ဝီးကောက်ဇာဝို ခံလိုက်ရဇာဖြစ်ရယ်။ နန်ဟ သားတော်တစ်ပါး ဖွားမြင်လိမယ်။ သူ့ဝို ယေရှုဆိုပီး နော်မယ်ပေးပါ ။ သူဟ ကြီးကျယ် မြင့်မြတ်ပြီးတော့ သူရဲ့သာသနာတော် ဟာ ဆုံးမရှေ့ ကျယ်ပလန့်လိမယ်” ဆိုပီး နတ်ဒေဝါဟ ပြောခဲ့ရယ်။ အဲခါ မာရိဟ “အယ်မိုဇာဟ ဟဲမျိုးလဲဖြစ်နိုင်ရ။ ကျွန်မဟ ပျိုစင်တစ်ယောက် ဖြစ်ရယ်” ဆိုပီး ပလန်ပြောခဲ့ရယ်။ **နတ်ဒေဝါ**ဟ “နန်ဟ ဖန်ဆင်းရှင် ဘုရားရှင်ရဲ့ ဘုန်းတော်ကျော့ ကိုယ်ဝန် ရမှာဖြစ်ရယ်။ အဲကျော့ အယ်မိုသားဂန်းရားဝို **ဘုရားရှင်**ရဲ့ သားတော်ဆိုပီး ခေါ်ရမှာ ဖြစ်ရယ်။ အယ်မိုသားဂန်းရားဟ သာမန်သားဂန်းရားမုဝ။ သူ့သွီးသားဒွေဟလဲ ကဘာပထမဆုံး လူမျိုးမီးဖြစ်ဝို ဧဝဆီဟ ဆင်းသက်လာဝို သူလဲမုဝ။ သူ့ရဲ့ သက်ဝိဉာဏ်တော်ဟ **နိဗ္ဗာန် ရွှေပြို့တော်**ဟနေ ဆင်းသက်လာဇာ ဖြစ်ရယ်”ဆိုပီး ပြောခဲ့ရယ်။ “မာရိ ၊ **ဘုရားရှင်**ဟ ဖန်ဆင်းပေးရယ်ဆိုဝါ ဂူလုံးဟ ဖြစ်နိုင်ပါရယ်”ဆိုပီး **နတ်ဒေဝါ**ဟ

ပြောခဲ့ရယ်။ မာရိဟာလဲ နားလည် ဘောပေါ့ရားရိတွက် “ကျွန်မဟ ဘုရားရှင်ရဲ့ ဖြိတော်သာ ဖြစ်ရယ်။ အသင် နတ်မန်း ပြောကြားဇာဒွေ ဂူလုံး ဖြစ်စေရပါမယ်” ဆိုပီး ပလန်ဖြေခဲ့ရယ်။ မာရိန စေ့စပ်ရားဝို ယောသပ်ဟ မကြာခံမှာဘဲ့ မာရိမှာ ကိုယ်ဝန်ရှေ့နေဇာဝို သိရားရယ်။ သူဟ သားဂန်းရားရဲ့ ဖမုဘဲဇာဝိုလဲ သိခဲ့ရယ်။ ယောသပ်ဟ ရားဒိုင်းရိုးသား ဖြော့မတ်မှန်ကန်သူ ဖြစ်ရိတွက်ဂျော့ မာရိဝိုလဲ ရှစ်မရစေရှင်ရ။ အဲဂျော့ သူဟ မာရိန စေ့စပ်ရားဇာဝို တိတဆိ ဖျစ်သီးပေးဝို့ စဉ်းစားလိုက်ရယ်။ သူဟ အဲမိုကြောဒွေဝို စဉ်းစားနေဝိုခီမှာပဲ နတ်ဒေဝါ တစ်ပါးဟ ယောသပ်ရဲ့ စိကူး အိမက်ထဲဝို ရှော့လာခဲ့ရယ်။ “ယောသပ် ၊ မာရိဝို နန့်ရဲ့ ဇနီး အဖြစ် လက်ခံရမှာဝို စိုးရီပါန ။ သူမ ပဋိသန္ဓေဆော်ထားရဒဲ့ သားဂန်းရားဟ ဘုရားဟ ဖန်ဆင်းပေးထားဇာ ဖြစ်ရယ်။ အယ်မိုသားဂန်းရား မွီးဖွားလာဝိုခီမှာဘဲ့ ယေရှုဆိုပီးဘဲ့ နော်မယ်ပေးပါ။ ယေရှု ဆိုဒဲ့ နာမတော်ဟ **ကယ်တံရှင်**ဆိုပီး ခိပ္ပါယ်ရပါရယ်။ ဟဲဂျော့ဆိုဝါ သူဟ လူဒွေဝို သူ့နို့ရဲ့ ဒုက္ခဆင်းရဲဟနေ လွတ်မြော့စေဝို့ ကယ်တံမှာဖြစ်ရိ တွက်ဂျော့ ဖြစ်ရယ်”ဆိုပီး နတ်ဒေဝါဟ ပြောရစ်ရယ်။ ယောသပ်ဟ မာရိဝို ဇနီးမယား အဖြစ် လက်ခံရယ်။ အဲခီမှာ ရောမ အင်ပါယာရဲ့ စစ်တပ်ဟ ဂျူးလူမျိုးဒွေရဲ့ မိသားဇု ဂေါ်စာရင်း ဒွေဝို ရေတွက်ရှင်ရိတွက်ဂျော့ သူ့နို့ရဲ့ မိသားဇုဒွေဆီဝို ပလန်သွားဝို့ စေခိုင်းခဲ့ရယ်။ အဲဂျော့ မာရိန ယောသပ်ဒို့ဟလည်း ဝီးကွာဝို နေရာမှာရှေ့ဝို ဗက်သလင်ဟန်မြို့ဝို သွားရလေရယ်။

ခရီးထွက်ရဝိုခီဟ မာရိမွီးဖွားဝို့ နီးကပ်နေဝိုခီဖြစ်ရယ်။ အဲမိုပြင် မာရိန ယောသပ်ဒို့ ရဲ့ မိသားဇုဒွေဟ ဗက်သလင်ဟန်မြို့မှာ ရှေ့မနေဟန်း။ ကံကောဘဲဇာလောဝါ သူ့နို့အဲမိုဝါဝို ရှော့ခါမှာ နေဝို့နေရာဒွေဟ နေရာပလှဲ့နေဂွေ့ရယ်။ ယောသဟ နွားတင်းကုပ်ခုမှာ နေထိုင်ဝို့ ပြင်ဆင်ခဲ့ရယ်။ အဲမိုနေ့ညစ်မှာဘဲ့ မာရိဟ ယေရှုဝို ဖွားမြင်တော်မူခဲ့ရယ်။ ကယ်တံရှင်ဘုရား ဖွားမြင်လာလေပြီ ။ မာရိဟ သူငယ်တော် ယေရှုဝို နီးဒွေန ရစ်ပတ်ဝတ်ဆင်ပေးပီး နွားစာခွက်ထဲမှာ ထည့်ရားခဲ့ရယ်။ အဲမိုနေ့ညစ်မှာ နီးမှာရှေ့ဝို စားကျက်ထဲမှာရှေ့ဝို သိုးဒွေဝို ထီးကျောနေဝို သိုးထီးမားအုပ်စုရှေ့ရယ် ရုတ်တရစ်ဆိုမျိုးဘဲ့ နတ်ဒေဝါတစ်ပါးဟ သိုးထီးဒွေနတူတူ လာရပ်နေခဲ့ပီး ကောကံခုလုံးဟလည်း လန်းရော်ဒွေန လန်းထီနေရယ်။ သိုးထီးမားဒွေဟလဲ ထိလန့်သွားဂွေ့ရယ်။ အဲမိုခါမှာ နတ်ဒေဝါဟ “ကြော့ဂွေ့ပါန။ ငါဟ နန်းနို့ဝို ဒန်းကောပေးဝို့ လာဇာဖြစ်ရယ်။ ” ဆိုပီး ပြောလေရယ်။ အဲနော့ နီးမှာရှေ့ဝို မြို့ဝိုညွှန်ပြပီး “အယ်နေ့မှာ ကယ်တံရှင် ဘုရားဝို ဗက်သလင်ဟန်မြို့မှာ ဖွားမြင်ခဲ့ပြီး ဖြစ်ရယ်။ သူဟ မေရှိယ (ဘုရား)ဖြစ်ရယ်။ အဲမိုနေရာဝို သွားပီး နွားစာခွက်ထဲမှာရှေ့ဝို နီးန ရစ်ပတ်ထားဝို သူငယ်တော် ယေရှုဝို သွားရှော့ ဖူးမြော်ဂွေ့ပါ” ဆိုပီး ပြောလေရယ်။ ရုတ်တရစ် ကောကံခုလုံးဟ ဘုရားရှင် ဝို လာရှော့ ဖူးမြော်ဂွေ့ဝို နတ်ဒေဝါဒွေန ပလှဲ့နက်သွားလေရယ်။ အဲမိုနတ်ဒေဝါဒွေဟ “ကြီးကျယ် မြင့်မြတ်ဝို ဘုရားရှင်ဝို ဆည်းကပ်ပါရယ်။ အယ်မိုဘာမလေပေါ်ဟ လူသားဒိုင်းဝို ငြီးချမ်းစေပါ” ဆိုပီး ချီးမွမ်းချင်းဒွေ သီဆိုဂွေ့ပီး ပျော့ကွယ်သွားဂွေ့လေရယ်။ သိုးထီးမားဒွေဟလဲ အဲမိုနတ်ဒေဝါဒွေ ပြောကြားခဲ့ဝိုတိုင်း ချင့်ချင်းလုပ်ခဲ့ဂွေ့ရယ်။ သူ့နို့ဟ ဗက်သလင်ဟန်ဝိုသွားပီး မာရိ၊ ယောသပ် န သူငယ်တော် ယေရှုဒို့ဝို နတ်ဒေဝါဒွေ ပြောကြားရစ်ဝိုတိုင်း မြင်တွီ့ဂွေ့လေရယ်။ သိုးထီးမားဒွေဟ လူဒွေဝို ဟယ်မျိုးဟယ်ပုံ ဖြစ်ပျစ်ခဲ့ရယ်ဆိုဇာဝို ပလန်ပြောပြဝိုခါမှာ လူဒွေဟ ရားဒိုင်း အံ့သြဂွေ့လေရယ်။ အဲနော့ သူ့နို့ဟ စားကျက်ဝို ပလန်လာခဲ့ဂွေ့လေရယ်။ သူ့နို့ တွီ့မြင်ခဲ့ဂွေ့ရဝို ရာဒွေတွက် ဘုရားရှင်ဝို ချီးမွမ်းထောမနာ ပြုဂွေ့လေရယ်။

ရှေ့ အာရှဖက်ဟ ဉာဏ်ပညာရှေ့ပရောဟိတ်ဒွေဟ မေရှိယဝို ဖွားဖြင်ပြီး ဖြစ်ကြောဝို ကြားသိဂေ့ရိတွက် အစ္စရေးနိုင်ငံ နော့ရပ်ဝို မေရှိယ ဘုရားရှင်ဝို ဖူးမျှော်ဝို လာဂေ့လေရယ်။ သူ့နို့ဟ ရှေ့ရပ်ဟ ထွက်ဝို ထူးခြားဝိုကြယ်ရဲ့လမ်းပြမှု နော့ဝိုလိုက်ပီး အစ္စရေး ပြည်မှာရှေ့ဝို ယေရှုဆီဝို လာဂေ့လေရယ်။

ပညာရှေ့ဒွေဟ ရောမအင်ပါယာရဲ့ ဘုရင်ခံန ဝန်ဂီဒွေဝို မေရှိယဝို ဟယ်ရပ်မှာ ဖွားဖြင်ခဲ့နူးဆိုဇာဝို မေးဂေ့လေရယ်။ ဘုရင်ခံဟ ဖွားဖြင်လာဝို ကယ်တံရှင်ဝို မနာလိုစိ ဖြစ်ခဲ့လေရယ်။ ကြောဟ ကယ်တံရှင်ဟ အစ္စရေးရဲ့ ဘုရင်ဖြစ်လာလိမယ်၊ ဘာကီးရဲ့ ဘုရင်ဖြစ်လာလိမယ်ဆိုပီး ဟောကိန်းထုရားရိတွက်ဖြစ်ရယ် ။ မေရှေ့ယ ၊ ခရစ်တော် ဆိုဇာဟ **ကယ်တံရှင်ဘုရား**” ဆိုပီး ခိပ္ပါယ်ရလေရယ်။ ဘုရင်ခံဟ စစ်တပ်ဝို သူငယ်တော် ယေရှုဝို သတ်ဝို့ စေခိုင်းလိုက်လေရယ်။ အယ်ဘေမဲ့ နတ်ဒေဝါဒွေဟ ယောသပ်ဝို အာဖရိဟ ရပ်မှာရှေ့ဝို အီဂျစ်ပြည်ဝို ထွက်ပလေးတီးရှော်ဝို့ အိမက်ပေးခဲ့ရယ်။ **ပုရောဟိတ်**ဒွေဟ သူငယ်တော် ယေရှုဝို တွီ့ဖြင်ခါမှာ ဝတ်ပြုခဲ့ဂေ့ရယ်။ သူ့နို့ ယူဆော်လာဝို ရွှေဒွေဝို လက်ဆော်ပေးဂေ့လေရယ်။ ထူးခြားကောမွှန်ဝို မွှီးနံ့သာတိုင်ဒွေန ထောမနာ ပြုခဲ့ဂေ့လေရယ်။



၃။ ယေရှု ဘုရားဟနေ ဂရုဏာတရားဝို သန်ကြားပြသခြင်း

ခါဒူးဟာ ဥပဒေတတ်ကျွမ်းသူတွေဟာ ကိုယ်တော်ယေရှုရဲ့ ဘုန်းဂုဏ်နဲ့ ဉာဏ်ပညာကို စမ်းသပ်ဖို့နေနဲ့ ယေရှုဘုရားကို ဆုံးမှဘဲကို **နိစထာဝရသက်**ကို ရရှေဖို့တွက် ဟဲရာလုပ်ရမယ်နူး ဆိုပီး မေးခွန်းထုခဲ့ပါရယ်။ အဲခါမှာ ယေရှုဘုရားဟာ အဲမို ဥပဒေတတ်ကျွမ်းသူကို "နည်းဥပဒေမှာ ဟဲရာတွေပြဌာန်းထားနူး၊ အဲမိုမှာ ပြဌာန်းထားကို ချင့်လစ်တွေကို နန် ဟဲမျိုးဖတ်ရှုနူး" ဆိုပီး ပလန်လည် မေးမြန်းတော်မူခဲ့ရယ်။

ဘုရားရှင်ရဲ့ မေတ္တာကိုရရှေဖို့တွက် "နန်းနို့ရဲ့ သဲနှလုံး၊ နာမ်ဝိညာဉ်၊ စိခါတ်စွမ်းအား ရှေ့သမျှဒို့နဲ့ ဘုရားရှင်ကို ကြည်ညိုသဒ္ဓါပွားပါ။ကိုယ့်ကိုကိုယ် ရှစ်မျိုး သူမျှားကိုလဲ ရှစ်ခင်လေးစားပါ"ဆိုပီး ယေရှုဟာ ပလန်လည် ဖြေကြားလိုက်ရယ်။ ဥပဒေတတ်ကျွမ်းသူဟာ "အရှင့်မှာ မှန်ကန်ဒဲ့ဖြေရှေ့ပါရယ်" အယ်ပေမယ့် အဲမိုမှန်တရားကို တည်ပြုဖို့တွက်ဆိုရင်လော ကျွန်ုပ်ရဲ့ အီဇာနီးချင်းကော ဆိုဇာဟ ဟယ်မျိုးလူမျိုး ဖြစ်မယ်နူး" ဆိုပီး ပလန်မေးလေရယ်။

ကိုယ်တော်ယေရှုဟာ ပလန်ဖြေကြားခဲ့ဇာဟ - ခါဒူးဟ လူတစ်ယော့ဟာ ဂျေရုဆလင်ဖြို့ဟနေ ယေရိခေါဖြို့ကို သွားဖို့ခါမှာ လမ်းခရီးမှာ မလတွေဟာ သူ့ရဲ့ဝတ်စားတွေကို ခလွတ်ယူပီး သေလုမြောပါး ရိုက်နှက်ပီး ဝီးကို ထွက်ရားလေရယ်။ အဲမိုနေ့မှာ ဘုန်းတော်ကီးတစ်ပါး အဲမိုလမ်းတိုင်း လာနေဇာကို တွို့ခဲ့ရရယ်။ ဘုန်းတော်ကီးဟာ ဒဏ်ရာတွေနဲ့ လဲကလနေကို သူ့ကိုဖြင်ပီး ခြားလမ်းဟနေ ရှော်ကွင်းသွားလိုက်ရယ်။ အဲမိုမျိုးဘဲ့ ရားဟော ဆရာတစ်ယော့ဟလည်း အဲမိုလမ်းဟနေ ဖြတ်လာပြီး ဘုန်းတော်ကီး ခြားလမ်းဟ ရှော်သွားမျိုး သူလဲသွားလေ့ရယ်။ အယ်ဘေမဲ့ ဆာမာရိတန်ဆိုဂို လူတစ်ယော့ဟာ အဲမိုလမ်းဟနေဘဲ့ ဖြတ်ရှော့လာပြီး ဒဏ်ရာတွေနဲ့ လဲကလနေကို သူ့ကို ဖြင်လိုက်ရဖို့ခါမှာ နားစိဝမ်ပြီး ခေါ်ဆော်သွားခဲ့ပါရယ်။ သူ့ရဲ့ ဒဏ်ရာတွေ သက်သာစေဖို့ ဆေးထည့်ပေးခဲ့ရယ်၊ ဆီတွေ လူးပေးပြီး ကုသပေးခဲ့ရယ်။ သူ့ကို ဂရုစိုက်ပြီး ကုသပေးဖို့တွက် သူ့ရဲ့ ဝိုယ်ပိုင်မြည်းပေါ်ဝိုတံပြီး တည်းခိုခန်းငယ်လေးတခုဆီကို ခေါ်ဆော် သွားခဲ့ပါရယ်။ နေ့တစ်ရစ်မှာလော တည်းခိုခန်းပိုင်ရှင်ဆီကို ငွေဒန်းဂါး ထုပေးပီး သူ့ကို ဂရုစိုက် စော့ရှော့ပေးဖို့နဲ့ ပိုကူဟလငွေတွေဝိုလည်း သူပလန်ခရီးမှာ ပလန်ပေးပါမယ် ဆိုပီး မှာကြားပီး ခရီးဆစ်သွားခဲ့ပါရယ်။

ယေရှုဟာ "ခိုး၊ မလ လက်ထဲဟ လဲကလတော့မယ့် လူတယော့တွက် အယ်မိုလူ သုံးယော့ထဲဟ အီနီးချင်းကောတစ်ယော့ဟာဟယ်သူဖြစ်မယ်ထံနူး"ဆိုပီး မေးရာ ကိုယ်ချင်းစာတရားရှေ့ဝိုသူပါ ဆိုပီး ဥပဒေပညာရှင်ဟာ ပလန်ဖြေခဲ့ပြီး ယေရှုဘုရားရှင်ဟာ အဲမိုနည်းတိုင်း လိုက်နာကျင့်သုံးပါဆိုပီး ပလန်လည် မိကြား ခဲ့ပါရယ်။




၄။ နော်ဒ သံဝေဂရနေပို အကုသိုလ်မား တစ်ယော့ပို **ဘုရားရှင်** ကယ်တံတော်မူခြင်း

ခါဟ ကိုယ်တော်ယေရှုဟ ယေရိခေါဖြို့ပို ဖြတ်သွားနေခဲ့ပါရယ်။ အဲမိုဖြို့မှာ ဇက်ကဲ ခေါ်ပို လူဒွေဆီဟ မတရား လီလည် ကော့ခံရရှေ့ထားပို ခွန်ဒွေန ချမ်းသာကြွယ်ဝလာပို ခွန်ကော့မားတယော့ရှေ့ရယ်။ သူဟ ကိုယ်တော်ယေရှုပို ဖူးမြော်ရှင်ရိတွက် ကိုယ်တော်ယေရှု ကြွရော့လာရာလမ်းရှေ့ လူအုပ်ကြားထဲပို တိုးဝမ်ပီး ဖူးမြော်ခွမ့်ရပို့တွက် ကြိုးစားခဲ့ပါရယ်။ အယ်ဘေမဲ့ သူဟ ရပ်ပုပို လူတယော့ဖြစ်နေရိတွက် လူဒွေဂျားဟနေ ကိုယ်တော်ယေရှုပို ဖူးမျှော်ခွမ့်ရပို့တွက် ခက်ကြုံနေခဲ့ရပါရယ်။ အဲဂျော့ သူဟ ရှေ့ဖက်ပိုလေးရားပီး သဖန်းပံပေါ် တက်ရော့ပီး ဖူးမြော်ခဲ့ပါရယ်။ ကိုယ်တော်ယေရှုအဲမိုသဖန်းပွ့နားပို ရော့လာပိုခီမှာ ကိုယတော်ဟ သူ့ပိုကေ့ပီး “ ဇက်ကဲ ခုချင့်ချင်း သဖန်းပံပေါ်ဟနေ ဆင်းလာခဲ့ပါ။ အယ်နေ့ နန့်အီမှာ နေမယ်”ဆိုပီး ပြောလိုက်ပိုခါမှာ သူဟ သဖန်းပံပေါ်ဟနေ ခါဒဲ ဆင်းလာပြီး နွေးထွေးစွာန ဝမ်းမြော့ဝမ်းသာ ကြိုဆိုလိုက်ပါရယ်။ အဲမိုဖြစ်ပျစ်ပို လူဒွေဂူလုံး တွီ့ဖြင်သွားဂေ့ပြီး မတရား လီညာ ခွန်ကော့ဒဲ့ **ဒုစရိုက်မား** တယော့ဆီပို သွားရော့ တည်းခိုရလော ဆိုပြီး တီတိုးဝေဖန် ပြောဆိုနေဂေ့ရယ်။ အဲမိုခီမှာဘဲ့ ဇက်ကဲဟ မတ်တပ်ရပ်လိုက်ပြီး ဘုရားရှင်ပို “ကေ့ရှုတော်မူပါ အရှင်” “ကျော်ဲ လူဒွေဆီဟနေ ခွန်ဒွေ မတရား လီလည်ကော့ယူပီး ကျူးလွန်ခဲ့ပို ပြစ်ဒုစရိုက်ဒွေပို ဝန်ခံပါရယ်။ ကျူးလွန်ခဲ့ဒဲ့ ပြစ်ဒွေတွက်လည်း **နော်ဒ သံဝေဂ** ရနေပါပြီ။ ခုခီဟနေစပြီး ကျော်ပိုင်ဆိုင်ပို ငွေကြေး၊ ပစ္စည်း ဥစ္စာဒွေရဲ့ တစ်ဝက်ပို

မရှေ့ဆင်းရဲသားတွေအတွက် လှူဒါန်းပေးပါ့မယ်။ ချို့လူတွေဆီဟာလီညာပြီး ရယူထားတဲ့ ငွေတွေရဲ့ လေးဆ ပမာဏကိုလည်း ကျော်ပလန်လည် ပေးအပ်ပါမယ်” ဆိုပြီး ပြောခဲ့ပါရယ်။ အဲဒီခါမှာ ဘုရားရှင်ယေရှုဟာ “အယ်နေ့ အယ်အိမှာ ဘေးအန္တရာယ်ဟာနေ ကယ်တံခြင်းကို ရရှေ့ခဲ့ပြီ။ ဟဲဖြစ်ရိန္နုးဆိုဝါ အာဖြဟံ ရဲ့သားတော် တစ်ယော့ဖြစ်ကို အယ်မိုလူဟ ကယ်တံခြင်းကို ရရှေ့ခဲ့သလိုမျိုး လမ်းပျော့နေဒဲ့သူတွေတွက်လည်း ကယ်တံခြင်းကိုတွို့ရလိမယ်” ဆိုပီး ပြောခဲ့ပါရယ်။



**၅။** ကိုယ်တော်ယေရှု ကောဆိုးဝါးကို အော်နိုင်ခြင်း

ကိုယ်တော်ယေရှုန သူ့ဖြိုတော်တွေရဲ့ လေ့န ကမ်းခြေတစ်ခုကို ဆိုက်ရော့ခဲ့ပါရယ်။ ကောဆိုးဝါး ပူးကပ်ခံနေရကို လူတယော့နေကိုနေရာ သန်းခလိုင်းဂူတွေနားမှာ အဲမိုကမ်းခြေဟ ရှေ့ပါရယ်။ အဲမို ကောဆိုးဝါး ပူးကပ်ခံနေရဒဲ့ သူကို ထီးချုပ်နိုင်ဖို့တွက်လည်း အဲမိုနေရာနားမှာ သန်မာကိုလူယော့လဲမှေ့ရ။လူတွေဟ သူ့ကို သံကြိုးတွေန ချုပ်နှော်ထားဖို့ ခနခနကြိုးစားခဲ့ဂေ့ရယ်။ အယ်ဘေမဲ့ သူဟာ အဲမိုသံကြိုးတွေကိုလည်း လွယ်တကူပဲ့ ချိုးဖျစ်နိုင်ခဲ့ရယ်။ သူဟ ဗွီးရျောရျောန တော်ဂူးတွေ တစ်ဝိုက်မှာ လှည့်လည်သွားလာပြီး သန်းခလိုင်းဂူတွေမှာ နေကိုသူဖြစ်ရယ်။ သူဟ သူ့ကိုယ်သူကလော့တုံးတွေန လှီးဖြတ်ပြီး အော်ဟစ်ငိုယို နေလေ့ရှေ့ပါရယ်။

သူဟ ကိုယ်တော်ယေရှုန သူ့ရဲ့ဗြိတော်ဒွေ လေ့ပေါ်ဟ ဆင်းလာဇာဝို ဖြင်လိုက် ရဝိုခီမှာ ပလေးထွက်ရားပြီးတော့ ကိုယ်တော်ယေရှုရဲ့ ရှေ့တော်မှော့မှာ ဒူးထော့ခဲ့ပါရယ်။ အဲနေ့ သူဟ "ကျော်ဒို့ဟ အရှင် ဟယ်သူနူးဆိုဇာဝို သိပါရယ်။ အရှင်ဟ ကြီးကျယ်မြင့်မြတ်ဆုံးဝို ဘုရားရှင်ရဲ့ သားတော်ဖြစ်ရယ်။ ကျော်ဒို့ဝို လွှတ်ထားပေးပါ။ ကျော်ဒို့ဝို ညှဉ်းပန်းပါန" ဆိုပီး ကိုယ်တော်ယေရှုဝို ပြောခဲ့ပါရယ်။

အဲခါ ကိုယ်တော်ယေရှုဟ သူ့ဝို "နန့်နော်မယ် ဟဲမျိုးခေါ်နူး"။ သူဟလည်း "လေဂေါင် (ကောဆိုးဝါး စုဝေးဆိုပီး ခိပ္ပါယ်ရ) ဆိုပီး ခေါ်ပါရယ်။" ကျော်ဒို့ဝို နက်နဲလွန်းဝို ဂျော့ထဲဝို ပို့ပါန။ အရှင်ကော့ပါ အဲမိုနားဟ တော်ဂူးပေါ်မှာ ဝက်ဒွေရှေ့ရယ်။ အဲမို ဝက်ဒွေဆီဝို ကျော်ဒို့ဝို ပို့ပေးပါဆိုပီး ခွမ့်ပန်လိုက်ပါရယ်။ ကိုယ်တော်ယေရှုဟ အဲမိုဝက်ဒွေဝို ကော့ပြီး "နန်သွားနိုင်ပြီ"ဆိုပီး ပြောလိုက်ရယ်။ အဲမိုနော့မှာ ကောဆိုးဝါးဒွေဟ အဲမိုလူဆီဟ ထွက်သွားပြီးတော့ ဝက်ဒွေဆီဝို ဝမ်ရော့သွားခဲ့ဂေ့ရယ်။ ဝက်ကော်ရေ ၂၀၀၀ လုံးဟ ရိုင်းစိဝမ်ပြီး တော်အော့ဝို ပလေးဆင်းပီးမြစ်ထဲဝို ခူခလနစ်မြုပ်သွားဂေ့ရယ်။ အဲမိုဖြစ်ပျစ်ဒွေဝို ဖြင်လိုက်ရဝို ဝက်ဒွေဝို ထီးကျော်ဝိုသူဟ ဗြို့ထဲဝိုပလေးသွားပီး သူကြုံတွေ့ခဲ့ရဝို ဖြစ်ပျစ်ဒွေဝို လူဒွေဝို ပလန်လည် ပြောပြခဲ့ရယ်။ ဗြို့ထဲဟ လူဒွေဟ အဲမိုဖြစ်ပျစ်ဝို သူ့နို့ကိုယ်တိုင် မျက်ဖြင်တွေ့ရဝို့တွက် စုရုံးရော့ရှေ့လာခဲ့ဂေ့ရယ်။ သူ့နို့ရော့ရှေ့ပြီး ကိုယ်တော်ယေရှုနတွေ့ဒဲ့ ခီမှာ ကောဆိုးဝါး ပူးကပ်ခံရဒဲ့ သူဝို ဝတ်စားပလဲ့စုံန ဝတ်ဆင်လျက် တိဆိစွာထိုင်နေပြီး ကိုယ်တော်ယေရှုရဲ့ ဂါးဒွေဝို နားထော်နေဇဦဝိုပါ တွေ့ခဲ့ကြရရယ်။ အဲမိုလူဟ သူဟဲရာဒွေ ဖြစ်ပျစ်ခဲ့ရယ်ဆိုဇာ လူဒွေသိအော် နော့တစ်ကြီ ပြောပြခဲ့ရယ်။ အဲမိုခါ လူဒွေဟ ကိုယ်တော်ယေရှုဝို ကြော့ရွံ့ဂေ့ပြီး ထွက်သွားဝို့ ပြောဆိုခဲ့ဂေ့ရယ်။

ကိုယ်တော်ယေရှု လေ့ပေါ်ပလန်ရော့ဒဲ့ခါမှာ ကောဆိုးဝါးပူးကပ်နေခြင်းဟနေ ကုသခြင်း ခံယူလိုက်ရဒဲ့သူဟ သူ့ဝိုပါ ကိုယ်တော်ယေရှုနှင့်တူ လိုက်ပါခွမ့်ပေးပါဆိုပီး ပြောလိုက်ရယ်။ ယေရှုဟ သူ့ဝို "နန့်ရဲ့ လူဒွေဆီဝို ပလန်သွားပါ။ ဘုရားရှင်ဟ နန့်တွက် ဟယ်လေ့ဂိုမှ လုပ်ဆော်ပေးခဲ့သလဲ ဆိုဇာဝို လူဒွေဝိုပြောပြပါ။ ဘုရားရှင် နန့်ပေါ်ထားရှေ့ဒဲ့ မေတ္တာ၊ ကြင်နာတရားဒွေဝို ပြောပါ" ဆိုပီး ကိုယ်တော်ယေရှုန သူ့ရဲ့နော့လိုက်တော်ဒွေဟာ ရေကန်ရဲ့ တစ်ဖက်မှာရှေ့ဒဲ့ ဂျူးလူမျိုးဒွေဆီ ထွက်ခွာသွားခဲ့ဂေ့ပါရယ်။ ကောဆိုးဝါး ပူးကပ်ခြင်းခံခဲ့ရဒဲ့သူဟ သူနေထိုင်ရာဗြို့ဝို ပလန်သွားခဲ့ပြီး ကိုယ်တော်ယေရှုဟ သူ့တွက် လုပ်ဆော်ပေးခဲ့ဇာဒွေဝို လူဒွေဝို ပလန်လည်ပြောပြခဲ့ပါရယ်။ လူဒွေဟလော တအံ့တဩ ဖြစ်ခဲ့ဂေ့ရပါရယ်။





၆။ ကိုယ်တော်ယေရှု လူပေါ ၅၀၀၀ဝို စားသော့ ကျွေးမွီးခြင်း

နော့တခါမှာ ကိုယ်တော်ယေရှုဟ ဂါလိလဲဖြစ်န ဝီးကွာဒဲ့ ပံလယ်ကမ်းခြေ တစ်ခုဝို ဖြတ်သွားခဲ့ရယ်။ လူဒွေဟ ကိုယ်တော်ယေရှုဟ နာမကျန်းဖြစ်နေသူဒွေဝို ကုသပေးနိုင်ကြော ဖြင်တွိ့ခဲ့ရရိတွက် ကီးမားဝိုလူအုပ်ဂီးဟ ကိုယ်တော်ယေရှုရဲ့ နော့ဟ လိုက်လာခဲ့ဂေ့ရယ်။ အဲမိုနော့ ကိုယ်တော်ယေရှုန သူ့ရဲ့ ဖြိတော်ဒွေဟာ တောင်ကမ်းပါးယံ တစ်ခုမှာ နေနေခဲ့ဂေ့ရယ်။ အဲမိုခီဟ ပသခါ ပွဲတော်ဆိုပီး ခေါ်ဝို အစ္စရေးလူမျိုးဒွေ အီဂျစ်ဟနေ လွတ်မြောဲ့ဒဲ့ ထီးမှတ် ပွဲတော် ကျင်းပဝို့ ခီ နီးကပ်နေပြီလည်း ဖြစ်ရယ်။ မြော့မြားလှဒဲ့ လူအုပ်စုဂီး သူ့ဆီလာနေဇာဝို တွိ့ရဒဲ့ခါ ကိုယ်တော်ယေရှုဟ ဖိလစ်ဝို “အယ်မိုလူဒွေ စားသော့ဝို့ စားသော့ဒွေဝို အယ်နေ့ နို့ဟယ်မှာဝယ်ရိရမယ်နူး” ဆိုပီး မေးလိုက်ရယ်။ ကိုယ်တော်ယေရှုဟ ဖိလစ်ဝို စမ်းသပ်ရှင်ရိဘဲ့ မေးလိုက်ဇာ ဖြစ်ရယ်။ ကိုယ်တော်ယေရှု ဘုရားရှင်ရဲ့ စိထဲမှာလော ဟဲရာဒွေလုပ်ရမယ်နူး ဆိုဇာတွက် စီစဉ်ရှေ့နှင့် နေပြီးဖြစ်ရယ်။ ဖိလစ်ဟ “အယ်မိုမြောက်မြားလှဒဲ့ လူဒွေတွက် ပါမုဒွေ ဟယ်မျှလောက် ရှာရမယ်နူးဆိုဇာကိုမှ ခီနှစ်ဝကလော့ လိုပါလိမယ်” ဆိုပီး ပလန်ဖြေ ကြားခဲ့ပါရယ်။ ခြားဖြိတော်ဒွေ ဖြစ်ကြဒဲ့ အန်းဒရူး၊ ဆိုင်မွန်န ပေတရုဒို့ ညီကိုဒွေဟလည်း “အယ် နီးနားမှရှေ့ဝို လူငယ်တယော့ဆီမှာလော စားသော့ဝို့တွက် ဂျုံပါမုငါးခုန ငါးနှေ့ကော်ရှေ့ပါရယ်။ အယ်ဘေမဲ့ အယလော့များဝို လူအုပ်စုဂီီးတွက်ဆိုဝါ ဟယ်လော့များများ လိုအပ်နိုင်ပါနူး” ဆိုပီး ပလန်လည်ဖြေကြားခဲ့ပါရယ်။ အဲမိုခီမှာ ရေတွက်အားဖြင့် လူပေါငါးထောင်ကျော်လော့ရှေ့ဒဲ့ လူအုပ်စုဂီးဟ

ဖြစ်ခမ်းပလန်ပေါ်မှာ ထိုင်ခလလိုက်ဂေ့ရယ်။ ကိုယ်တော်ယေရှုဟာ လူငယ်ဆီဟာန ပါမုဝို ယူလိုက်ပီး ဘုရားရှင်ရဲ့ ကျေးဇူးတော်ဝို ချီးမွမ်းပြီးဝိုခါမှာလော လူအုပ်ဂီးတွက် ပါမုဒွေဝို သူ့နို့လိုရှင်သလော့ မျှဝေပေး နိုင်ခဲ့ပါရယ်။ ငါးဒွေဝိုလည်း အဲမိုနည်းတိုင်းဘဲ့ လူဒွေဆီဝို လုံလော့စွာ မျှဝေပေးနိုင်ခဲ့ပါရယ်။ လူဒွေဂူလုံး စားသော့ပြီးဝိုနော့မှာလော ကိုယ်တော်ယေရှုဟာ သူ့ဖြိတော်ဒွေဝို "လူဒွေ စားသော့ပြီး ပိုလျှံဒဲ့ စားသော့ဒွေဝို ကော့လိုက်ပါ။ လေလွမ့် ဖြစ်ပါစေန"ဆိုပီး ပြောကြားလိုက်ရယ်။ ဖြိတော်ဒွေဟာ ပါမု၅ခုန ငါးနှေ့ကော်ဟာနေ လူဒွေဆီ ခွဲဝေပေးခဲ့ပြီး ပိုလျှံနေဒဲ့ စားသော့ဒွေဝို ခြင်းတောင်းကြီး ဆယ့်နှေ့ခုန လိုက်သီးခဲ့ရရယ်။

လူဒွေဟာ ကိုယ်တော်ယေရှုရဲ့ ကျွေးမွီးပေးဇဥ္ဓိဝဒိ ဖြင်ပြီးဒဲ့နော့ "အယ်မိုဇာဟာ မေရှိယ ကဘာဝို ရော့လာဇာဟာ သေချာဘဲ့" ဆိုပီး ရေရွတ်ခဲ့ဂေ့ရယ်။ ကိုယ်တော်ယေရှုဟာ သူ့ဝို လူဒွေဟာ သူ့နို့ရဲ့ ဘုရင်ဖြစ်ဝို တွန်းပို့ရှင်နေဂေ့မှန်းသိရိတွက် အဲမိုတော်တန်းဟာနေ ပလန်လာခဲ့လေရယ်။




၇။ ကိုယ်တော်ယေရှုဝို လက်ဝါးကပ်တိုင်ပေါ်ဝို တံပီး သတ်ခြင်း

ကိုယ်တော်ယေရှု သင်ဟာ သစ္စာဖော့ဇာ ခံရမယ်။ ဂျူး န ရိုမန်စစ်တပ်ဒွေရဲ့ ဖမ်းဆီးခြင်း၊ လက်ဝါးကပ်တိုင်ပေါ်ဝို တံပီး သတ်ခံရပီး သုံးရစ်ပလဲ့ပီးနော့မှာ **သက်ပလန်ရှင်** လာမယ်ဆိုပီး ကြိုတံဟောကီး

ထုတ်ထားခဲ့ရယ်။ သူ့ရဲ့ သေဆုံးခြင်းဟာ မတော်တဆ ဖြစ်စဉ် မုဘဲန ဘာပေါ်မှာရှေ့ဝို ပြစ်သားဒွေရဲ့ ပြစ်ဒွေဝို ခွမ့်လွှတ်ခြင်းဆိုဒဲ့ ဘုရားရှင်ရဲ့ စီစဥ်ဘဲ့ဖြစ်ရယ်။ ပြီးရယ်ဆိုဝါ သူပြောရစ်ဝိုတိုင်းဘဲ့ ဖြစ်ပျစ်ခဲ့ရယ်။ ကိုယ်တော်ယေရှုရဲ့ဖြိဖြစ်သူ ယုဒဟာ ကိုယ်တော်ယေရှုဝို ငွေတွက်န သစ္စာဖော့ခဲ့ပြီး ဂျူး တရားရုံးမှာ ပြစ်ဒဏ်ခံရဝို့တွက် ယေရှုဟာ မာရိယ ဘုရင်ဖြစ်ပါရယ်ဆိုပီး ပြောဆိုခဲ့ရယ်။ ရိုမန်ဘုရင်ဆီဝို ပြည်သူဒွေ ခွန်ခ မပေးဝို့တွက် စည်းရုံးသန်ကြား ပေးခဲ့ရယ်ဆိုပီး မှားယွင်းစွာ စွပ်စွဲ ဒန်းပေးခဲ့ရယ်။ ကိုယ်တော်ယေရှုဟာ စစ်တပ်ဒွေရဲ့ ဖမ်းဆီးခေါ်ဆောင်ဇာဝို ခံခဲ့ရပြီး ခိုးနှေ့ယော့နတူတူ ကားစင်ပေါ်မှာ ခိဆွဲထားဇာ ခံခဲ့ရရယ်။ စစ်တပ်ဟာနေ မှုထမ်း စစ်သားဒွေဟာ ကိုယ်တော်ယေရှုဝို သတ္တုန ပြုလုပ်ထားဝို ကြာပွတ်န ၃၉ကြိ ရိုက်နှက် နှိဆစ်ခဲ့ရယ်။ ကိုယ်တော်ယေရှုရဲ့ ဝတ်ရုံဝို ခလွှတ်ပီး ရိုက်နှက်ပီး လှော်ပြော်ခဲ့ဂေ့ရယ်။ လက်ဝါးကပ်တိုင်ပေါ်မှာ လက်ဒွေ၊ ခေဒွေဝိုလည်း သံန ရိုက်နှက်ခဲ့ရယ်။ ကိုယ်တော်ယေရှုဟာ လက်ဝါးကပ်တိုင်ပေါ်မှာ ၆ နာရီကြာအော် ခိဆွဲခံခဲ့ရပြီးနော့ သူ့ဝို နှိဆစ်သတ်ဖြတ်နေသူဒွေဝို ခွမ့်လွှတ်ပေးဝို့တွက် ဘုရားရှင်ဆီ တောဆိုခဲ့ရယ်။ ကိုယ်တော်ယေရှုဟာ ကလယ်လော်ဝိုသံန အော်ပြီးတော့ “အဖ ဘုရားရှင်၊ ကျော်ရဲ့ သက်ဝိဉာဉ်ဝို သင့်လက်ထဲဝို အပ်နှံပါရယ်” ဆိုပီးပြောပြီး နော့ဆုံးထွက် သက်ဝို ရှူရှိုက်လိုက်ပါရယ်။ စစ်တပ်ရာရှေ့ဒွေဟာ ကိုယ်တော်ယေရှုဟာ ဘုရားရှင်ဆီ တိုင်တည်ဆုတောပုံ ဂူလုံးဝို ဖြင်တွို့ပြီး “သူဟာ သတော်စင်စစ်စစ်ဘဲ့ဖြစ်ရယ်” ဆိုပီး ပြောလိုက်ဂေ့ရယ်။ အဲမိုခီမှာ စုဝေးနေဒဲ့ လူအုပ်ဂီးဟာလည်း ဖြစ်ပျစ် ဂူလုံးဝိုတွို့ဖြင်ပြီးနော့ ရင်ထုမနာ ဖြစ်ခဲ့ဂေ့ရပြီး ဖြစ်ပျစ်ဝို သက်သေခံဝို့ ထွက်လာခဲ့ဂေ့ရယ်။ ကိုယ်တော်ယေရှုနော့ဝို လိုက်ပြီး ယေရှုဝိုသိဝို ဂါလိလဲဟာနေ မျိုးမီးဒွေဟာလည်း မလှမ်းမကမ်းမှာ ရပ်နေဂေ့ပြီး ဖြစ်ပျစ်ဒွေဝို ကေ့နေဂေ့ရယ်။ စစ်ကော်စီဝင် ယော့ဖြစ်ဝိုယောသပ်ဆိုဇာဟာ ရိုးသား၊ တည်ကြည်၊ ဖြော့မတ်သူတယော့ဖြစ်ပြီး ကိုယ်တော်ယေရှုပေါ်လုပ်ခဲ့ဒဲ့ လုပ်ရပ်န ဆုံးဖြတ်ချင့်ဒွေဝို ဘောမကလာဘဲဝို လူယော့ ဖြစ်ရယ်။ ယောသပ် ဟာ အရိမသဲဝါဟာနေ လာသူဖြစ်ပြီး **ဘုရားရှင်ရဲ့ သာသနာတော်**ဝို စော့မျှော်နေသူတယော့လည်း ဖြစ်ရယ်။ ယောသပ် ဟာ ပိလတ်ဘုရင်ဆီသွားပြီး ယေရှုရဲ့ ရုပ်လောတော်ဝို ပလန်လည်တောခံခဲ့ရယ်။ သူဟာ ရုပ်လောတော်ဝို ယူဆော်လာပြီး လီနင်ဝတ်စ(နူးညံ့ဝိုချည်သား ဝတ်စ)န ပတ်ပီး ဟယ်သူဝိုမှ ဂြိုလ်ထားဇာမှေ့ဘဲဝို ကလော့ဂူ သန်းခလိုင်းထဲမှာ နေရာခလထားခဲ့ရယ်။ အဲမိုမျိုး စီစဉ်ဒဲ့နေ့ဝို စွဲပြုပြီးတော့ ဥပုသ်နေ့ စတံဖြစ်ပေါ်လာခဲ့ရယ်။ ယေရှုနတူ ဂါလိလဲ ဟာနေ တူတူလာဒဲ့ မျိုးမီးဟာလည်းယောသပ် ဆီဝ ိုလိုက်လာခဲ့ပြီး ဂူသန်းခလိုင်းရှေ့ ယေရှုရဲ့ ရုပ်လောဝို လာရော့ကေ့ရှုခဲ့ရယ်။ အဲမိုနော့ အီဝို ပလန်သွားခဲ့ပြီး မွှီးနံ့သာရည်ဒွေဝို ပြင်ဆင်ခဲ့ရယ်။



၈။ ယေရှု ဘုရားရှင် သေခြင်းဟနေ သက်ပလန်ရှင်ခြင်း်ား

ရစ်သတ္တပတ်ရဲ့ ပထမဆုံးနေ့ မိုးလန်းစောစောမှာ ယေရှုရဲ့နော့လိုက် မျိုးမီးဒွေဟ မွှီးနံ့သာရည်ဒွေ ပြင်ဆင်ပြီး ဂူသန်းခလိုင်းရှေ့ရာဝို ပလန်လာခဲ့ဂေ့ရယ်။ သူနို့ ဂူသန်းခလိုင်းရှေ့ရာဝို ရော့ဒွဲခီမှာ ဂူသန်းခလိုင်းရဲ့ခေါ့ပေါ့ဟ ပွမ့်နေဇာဝို ဖြင်တွီ့ခဲ့ဂေ့ရယ်။ အယ်ဘေမဲ့ ဂူသန်းခလိုင်း ထဲဝိုရော့သွားဂေ့ဝိုခီမှာလော သူ့နို့ဟ ယေရှုရဲ့ရုပ်လောဝို တွီ့ရဟန်း။ သူ့နို့ အံ့သြတကြီး အံ့သြလွန်းနေဝို ခီမှာပဲ သူ့နို့ရဲ့ ဘေးနားဝို ဝတ်စား တော့တော့ပြော်ပြော် ဝတ်ဆင်ထားဒွဲ လူနေ့ယော့ဟ ရုတ်တရစ် လာရပ်နေဂေ့ရယ်။ ကြော့ရွံ့နေဂေ့ဝို မျိုးမီးဒွေဟ မလေပလန်နထိပြီး ဝပ်တွား ကန်တော့ဂေ့ရယ်။ “နန်းနို့ဟဲရာဂျော့ သေခြင်းတရားဂျားမှာ ရှင်သူဝိုရှာနေဂေ့နူး” ဆိုပြီးတော့ မေးလိုက်ရယ်။ “သူဟ အယ်မှာမှေ့ဟန်း၊ သူရှင်ပလန်ထမြော့သွားပြီ”

“ဂါလိလဲ မှာရှေ့ဒူးဟ ယေရ ှုနန်းနို့ဝို ပြောခဲ့ဇာဝို မှတ်မိဂေ့လော” “လူ့သားတော် ယေရှုဟ ပြစ်သားဒွေရဲ့ ကိုယ်စား ကားစင်တံခံခဲ့ရပြီး သုံးရစ်မြော့နေ့မှာ **သက်ပလန်ရှင်**လာမယ်ဆိုပီး ပြောခဲ့ဇာဝို မှတ်မိဂေ့လော”

သူ့နို့ဂူလုံးဟ ယေရှုရဲ့ ဂါးဒွေဝို မှတ်မိခဲ့ဂေ့ပြီး ယေရှုဘုရားဟလည်း သူ့ရဲ့ ဖြိုတော်ဒွေ ဂျားမှာ ပလန်လည်ပေါ်ပေါ့လာခဲ့ပါရယ်။ ပြီးန ဂူလုံးဝို ငြိမ်းချမ်းပါစေဆိုပြီး နှုဆစ်လိုကရယ်။ သူ့နို့ဒွေဂူလုံးဟလည်း ယေရှုဝို

တစ္ဆေသရဲဆိုပီး တွီးထံခဲ့ဇေပြီး ကြော့ရွံ့ ထိလန့်ခဲ့ဇေရယ်။ ယေရှုဟ “ကြော့ဇေပါန။ ငါ့ရဲ့ လက်ဒွေ ခေဒွေဝို ကေ့ပါ။ အယ်နေ့ ကိုယ်တော် အစစ်ပါ။ ထိဇေပါ။ တစ္ဆေသရဲဆိုဝါ သွီးသားန ရိုးဒွေ ရှေ့မှာမုဝ။ ငါရှေ့နေရိ နန်းနို့ပြင်နေဇေရဇာဖြစ်ရယ်။ နန်းနို့ဆီမှာ စားစရာ ခုခုရှေ့လော” ဆိုပီးပြောခဲ့ရာ သူ့ ဖြိတော်ဒွေဟလည်း ငါးဝို နွှင်ပေးလိုက်ရာ ယေရှု ဘုရားဟလည်း ချင့်ချင်းဘဲ့ စားလိုက်ပါရယ်။

ယေရှုဘုရားရှင်ဟ **နိဗာန်ရွှေပြို့တော်**ဆီဝို မပလန်ခံမှာ သူဟ လက်ဝါးကပ်တိုင်ပေါ်မှာ ကားစင်တံပီး သတ်ခံရပီး သက်ပလန်ရှင်လာမယ်ဆိုပီး ဒိပေးခဲ့ပါရယ်။




၉။ ယေရှုဘုရားရှင် **နိဗာန်ရွှေပြို့တော်**ဝို ပလန်လည်ကြွမြန်းခြင်း၊ လူမျိုးပေါဖုံဆီဝို သွားရော့ပီး ဖြိတော်ဒွေ မွီးထုဝို့ သန်ပြခြင်း

ဖြိတော်ဒွေဟ ယေရှုဟ သူ့နို့ဝို ဖြိတော်ဖြစ် ဝီးချယ်ခဲ့ဝို နေရာဖြစ်ဒဲ့ တော်ဝိုသွားခဲ့ဇေရယ်။ အဲမိုခါမှာ ယေရှုဟ ရတ်တရစ်ပေါ်လာပြီးတော့ ဖြိတော်ဒွေဟလည်း သူ့ဝို ဝတ်ပြုခဲ့ဇေပါရယ်။ ယေရှုဟ “ငါ့ဝို ဘုရားဟ လုပ်ပိုင်ခွမ့်ဝို ပေးခဲ့ရယ်။ အဲဂျော့ လူမျိုးပေါစုံဆီဝို သွားရော့ပြီး ဖြိတော်ဒွေ မွီးထုဇေပါ။ သူ့နို့ဝို အဖဘုရား၊

သားတော်ယေရှု၊ **ဥဏ်လင်းတော်**ရဲ့ နာမတော်အောမှာ ရေနှစ်မြင်္ဂလာ ပြုပေးငေ့ပါ။ ငါ့ရဲ့ မိကြားချင့် မှာရားဝိုဂါးဒွေဝို လိုက်နာဝို့ သန်ပြင့ေပါ။ ငါဟ နန်းနို့န တူတူရှေ့နေကြော ဒိရငေ့ပါ” ဆိုပီး မိကြားရစ်ရယ်။

ယေရှုဟ သက်ပလန်ရှင်ပီး ရစ်ပေါ (၄၀)ထိ ဘာပေါ်မှာရှေ့နေခဲ့ရယ်။ သူဟ ဗြိတော်ဒွေဝို ဘုရားရှင်ရဲ့ နိဗ္ဗာန်ရွှေပြို့တော်ကြောဝို သန်ပြပေးဝို့ ခီပေးခဲ့ရယ်။ သူဟ ခြားသူဒွေရဲ့ ရှေ့မှော့မှာလည်း ကိုယ်ထံပြခဲ့ရယ်။ ခါမှာ လူပေါငါးရာလေ့ရှေ့ဒွဲ လူအုပ်ရှေ့မှာ ကိုယ်ထံပြခဲ့ရယ်။ အဲမိုနော့ ယေရှုဟ ဗြိတော်ဒွေဝို သံလွင်တော်ဝို ခေါ်ဆော်သွားခဲ့ရယ်။ ယေရှုဟ “ အဖဘုရားဆီဟနေ ဒိတော်ဝို မရမချင်း ဂျေရုဆလင်ပြို့ဝို စွန့်ခွာငေ့ပါန။ ရှင်ယောဟန်ဟ နန်းနို့ဝို ရေန ရေနှစ်မြင်္ဂလာ ပြုပေးခဲ့ရယ်။ အယ်ဘေမဲ့ နန်းနို့ဟ မြင့်မြတ်ဒွဲ ဘုရားရဲ့ ဝိညာဉ်တော်အားန ရေနှစ် မြင်္ဂလာ ခံယူငေ့ရလိမယ်။” ဆိုပီး ယေရှုဟ မိခဲ့ရယ်။ ယေရှုရဲ့ ဗြိတော်ဒွေဟ ယေရှုဟ နိဗ္ဗာန်ရွှေပြို့တော်ဆီဝို ပလန်လည်ကြွမြန်းတော်မူဇာဝို မြင်ခဲ့ ငေ့ရရယ်။ ရုတ်တရစ်မှာပဲ နတ်ဒေဝါနှေ့ပါး ပေါ်လာပြီး လူထု ပရိသတ်ဒွေဝို “နန်းနို့ ဟဲဂျော့ကောကံဝို မေ့ကေ့နေငေ့နူး၊ အယ်မိုယေရှုဟပဲ နန်းနို့ဆီ တဖန်ပလန်လည် ကြွမြန်း လာပီး ခုမျိုးဘဲ့ နန်းနို့ဝို နိဗ္ဗာန်ရွှေပြို့တော်ဝို ခေါ်ဆော်သွားပါလိမယ်” ဆိုပီး ပြောကြားခဲ့ပါရယ်။




၁၀။ နိဗ္ဗာန်ရွှေပြို့တော်ရဲ့ အရှင်သခင်ယေရှု

နတ်ဒေဝါတပါးဟာ ယေရှုရဲ့ ဖြိတော် ယောသပ်ပိုဲ "ယေရှုရဲ့ သန့်ရှင်းမြင့်မြတ်ဒဲ့ ဝိဉာဉ်တော်အားန ငါ့ဝိုလာရော့ခေါ်ဆော်ခဲ့ရယ်။ နိဗာန်ရွှေဖြိုတော်ဟာနေ ဘုရားဟာ ခလပေးလိုက်ဒဲ့ မြင့်မြတ်ဒဲ့ ဂျေရုရှလင် ဖြို့တော်ဝို ငါ့ဝိုပြခဲ့ရယ်။ အဲမိုဖြို့တော်ဟာ ရားဒိုင်း ဖိုးတန်ဝို ကလေ့ဘျက်ရတနာဒွေမျိုး တလက်လက် တော့ပနေရယ်။ ပုံဆောင်ခဲဒွေမျိုးပဲ ကြည်လင် တော့ပ နေရယ်။ အဲမို ဖြို့တော်မှာ ရားဒိုင်းမြင့်မားဒဲ့ နံရံဒွေန ဝမ်ပေါ့ (၁၂) ပေါ့ရှေ့ရယ်။ အဲမိုဝမ်ပေါ့ ဒွေဝို နတ်ဒေဝါ (၁၂) ပါးဟာ စောင့်ရှောက်ထားရယ်။ အဲမို ဝမ်ပေါ့ဒွေမှာ ဣသရေလ အနွယ်ဝမ် (၁၂ )ယော့ရဲ့ နော်မယ်ဒွေဝို ရေးသားထားခဲ့ရယ်။ ရှေ့ဖက်မှာ ဝမ်ပေါ့ (၃)ပေါက်၊ နော့ဖက်မှာ ဝမ်ပေါ့ (၃)ပေါက်၊ တော်ဖက်မှာ ဝမ်ပေါ့ (၃)ပေါက်၊ မြော့ဖက်မှာ ဝမ်ပေါ့ (၃)ပေါ့ ရှေ့ပါရယ်။ ငါ့ဝို ဂါးပြောခဲ့ဒဲ့ နတ်ဒေဝါမှာ ဖြို့တော်ဝို တိုင်းတာဝို့နှင့် ဝမ်ပေါ့ဒွေ၊ နံရံဒွေဝို တိုင်းတာဝို့တွက် ရွှေနပြုလုပ်ထားဒဲ့ တိုင်းတာဝို ကိရိယာပါရယ်။ ဖြို့တော်ဟာ လေးထော့ ကျကျ ပုံစံရှေ့ပြီးတော့ အလျားနနံဟလည်း ရားဒိုင်းကျယ်ပြန့်ပါရယ်။ အဲမို နတ်ဒေဝါဟာ ဖြို့တော်ဝို တိုင်းတာကေ့ခါမှာ အလျားဟာ မိုင်ပေါ (၁၅၀၀) ရှေ့ပြီး၊ ကျယ်န မြင့်ဟလည်း အယ်မိုနတူတူဘဲ့ဖြစ်ရယ်။ ဖြို့တော်ရဲ့ လမ်းဒွေဟ ရွှေဒွေနပြုလုပ်ထားပြီး ဖန်သားမျိုး ကြည်လင်တော့ပနေရယ်။ ဖြို့တော်ဝို လန်းရော်ရဝို့တွက် နေဒွေ၊ လဒွေလည်း မလိုအပ်ရ။ ဘုရားရှင်ရဲ့ ဘုန်းဂိုး လင်းတော်န သူ့အလိုလို တော့ပနေဇာဖြစ်ရယ်။ အဲမိုတိုင်းပြည်ရဲ့ ဘုရင်ဟ ဘုန်းဂိုးန ပလဲ့စုံပြီး တိုင်းသူပြည်သားဒွေဝို မှန်မှန်ကန်ကန် အုပ်ချုပ်လိမယ် (တိုင်းပြည်ဟလည်း သာယာ၀ ပြောလိမယ်။) ဖြို့တော်မှာ ညခီလည်း မှေ့ဘဲတွက်ဂျော့ ဝမ်ပေါ့ဒွေဟလည်း ခါလဲပိထားဇာမှေ့ရ။ ဖြို့တော်ဟ ကောမွန်ဒဲ့ ဂုဏ်ဒန်းဒွေနပဲ ဖုံးလွှမ်းနေလိမယ်။ ဖြို့တော်မှာ သန့်စင်ဒဲ့ ရာဒွေဘဲ့ ဝမ်ရော့လာလိမယ်။ ဖြို့တော်မှာ ဘုရားရှင်ရဲ့ သက်စာအုပ်မှာ ဝီးကော့ ထားဒဲ့သူဒွေပဲ ရှေ့နေမှာ ဖြစ်ရိတွက် ဆိုးသွမ်းပြီးတော့ ရှစ်ရစရာကောင်းဒဲ့ လုပ်ရပ်ဒွေဝို လုပ်ဒဲ့သူဒွေလည်း ယော့တလေမှ ရှေ့လိမှာမုဝ။ ယေရှုဟာ မျစ်ရယ်ဒွေ၊ ဒုက္ခဆင်းရဲဒွေ၊ နာမကျန်းမှုဒွေ ဂူလုံးဝို ဖယ်ရှားပေးလိမယ်။ ပြီးနော့ မရေမတွက် နိုင်ဒဲ့ လူအုပ်ဂီးဟ "ကြွယ်ဝမှုဒွေဟ ဘုရားဝို သွီးသားထဲဟနေ ယုံကြည် ကိုးကွယ်ဒဲ့ တိုင်းပြည် တိုင်း၊ ပြည်နယ် တိုင်း၊ မတူကွဲပြားဒဲ့ ဘာသာဂါးပြောဒဲ့သူဒွေတိုင်း တွက် ဖြစ်နိုင်ပါရယ်။ နန်းနို့ဟ မြင့်မြတ် ကောမွန်ဒဲ့ တိုင်းပြည်ဝို ပုံဖော်နေဂေ့ဇာဖြစ်ရယ်" ဆိုပီး ချီးမွမ်း သီချင်းသစ်ဒွေ ကလယ်လော်စွာ သီဆိုဂေ့ရယ်။ နတ်ဒေဝါဒွေဟ သလင်းကျော့မျိုး ကြည်လင်ဝို အသက်စမ်းရေဝို ငါ့ဝိုပြခဲ့ရယ်။ အဲမိုရေဟ ပုလ္လင်တော်ဟာနေ စီးဆင်းလာပြီးနော့ ဖြို့တော်ရဲ့ လမ်းဒွေ မှာလည်း ဆက်လက်စီးဆင်းနေခဲ့ရယ်။ **ဝိဉာဉ်တော်**ဟ "လာဂေ့ပါ၊ ရေငတ်နေသူဒွေဝို လာခိုင်းလိုက်ပါ၊ ဝတ်ပြု ဆုတောနေဒဲ့ သူဒွေဝိုလည်း အသက်စမ်းရေဝို ယူဆော်ခွမ့်ပေးလိုက်ပါ" ဆိုပီး ပြောခဲ့ပါရယ်။ မြစ်ရဲ့ တစ်ဖက်ဆီမှာ အသက်သစ်ပံ၊ (၁၂) မျိုးသော သီးနံ့ဒို့ရှေ့ပါရယ်။ တိုင်းသူပြည်သားဒွေ နာရောဂါ ကင်းဝေးစေဝို့ ပံဟာနေ ဝက်ဒွေန သီးဒွေဝို လစဉ်ဖြစ်ထွန်းစေလိမယ်။